၂၀၁၅ ခုနှစ်
တက္ကသိုလ်ဝင်စာမေးပွဲ
မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

ဘောဂဗေဒ — ခွင့်ပြုချိန် (၃) နာရီ

အပိုင်း(က)

မေးခွန်းအားလုံးဖြေဆိုပါ။

၁။ (က) အောက်ပါဖော်ပြချက်များကို 'မှား' သို့မဟုတ် 'မှန်' ဖြေဆိုပါ။ (၁၀ မှတ်)

၁။ ဈေးကွက်ယန္တရားသည် ငွေကြေးအရ ပေးနိုင်စွမ်းအတိုင်း လှုပ်ရှားဆောင်ရွက်သည်။

၂။ ထုတ်လုပ်မှုအင်အားစုများသည် လူတို့၏လိုအင်ဆန္ဒများနှင့် နှိုင်းစာလျှင် ပေါများသည် ဟုဆိုနိုင်သည်။

၃။ အစားထိုး ကုန်စည်များ၏ အပြန်အလှန် အလျော့အတင်းသည် အနုတ် လက္ခဏာဆောင်သည်။

၄။ အားမျှဈေးနှုန်းထက် နိမ့်သောဈေးနှုန်း၌ ပိုလျှံဝယ်လိုအားရှိသည်။

၅။ စုစုပေါင်းပြည်တွင်းထုတ်ကုန်တွင် နိုင်ငံခြားသားများ၏ ထုတ်လုပ်မှုမှရရှိသော ဝင်ငွေများလည်းပါဝင်သည်။

၆။ ကုန်စည်တစ်ခုအပေါ် သွယ်ဝိုက်ခွန် စည်းကြပ်လိုက်လျှင် ယင်းကုန်စည်၏ ဈေးကွက်ပေါက်ဈေးသည် ထုတ်လုပ်သူများ၏ ဈေးနှုန်းထက် မြင့်သွားမည်။

၇။ ငွေကြေး၏တန်ဖိုးသည် အထွေထွေဈေးနှုန်းအဆင့်နှင့် တိုက်ရိုက်ဆက်စပ်သည်။

၈။ ကုန်သန်းရောင်းဝယ်ရေးဘဏ်များသည် စီးပွားရေးလုပ်ငန်းများ၏ ကာလရှည်ဘဏ္ဍာရေးလုပ်ဆောင်ချက်ကို လုပ်ဆောင်သည်။

၉။ ငွေလုံးငွေရင်းရငွေသည် အခွန်အကောက်များမှ ရရှိသော အစိုးရ၏ရငွေဖြစ်သည်။

၁၀။ ငွေတန်ဖိုးချခြင်းဖြင့် သွင်းကုန်ဈေးနှုန်းများ တိုးတက်လာစေနိုင်သည်။

(ခ) အောက်ပါကွက်လပ်များတွင် ဖြည့်စွက်ရမည့် အဖြေများကို အဖြေစာအုပ်တွင်ရေးပါ။ (၅ မှတ်)

၁။ စားသုံးသူများသည် ________ အများဆုံးရအောင် ကုန်စည်နှင့် ဝန်ဆောင်မှုများအား အသုံးပြုနေကြသည်။

၂။ ကုန်စည်တစ်ခု၏ဝယ်လိုအားသည် ထိုကုန်စည်၏ဈေးနှုန်းနှင့် ________ ဆက်စပ်မှုရှိသည်။

၃။ ဈေးကွက်ပေါက်ဈေးနှင့် အင်အားစုအခငွေဈေးနှုန်းတို့သည် သွယ်ဝိုက်ခွန်နှင့် ________ တို့အရခြားနားသည်။

[တစ်ဖက်သို့

၄။ ငွေကြေးပမာဏသည် ငွေကြေး၏ __________ ဖြစ်သည်။

၅။ နိုင်ငံချင်းကုန်စည်ကူးသန်းရောင်းဝယ်မှုကို ___________ ဟုခေါ်သည်။

(ဂ) အောက်ပါ ဖော်ပြချက်များအတွက် ပေးထားသောအဖြေ (က) (ခ) (ဂ) မှ အဖြေမှန်ကို အဖြေစာအုပ်တွင် ရေးပါ။ (၅ မှတ်)

၁။ ထုတ်လုပ်နိုင်မှု အခြေပြမျဉ်းကွေးသည် မူရင်းအမှတ်မှ ခုံးနေခြင်းမှာ (က) လျော့နည်းသွားသော (ခ) တိုးတက်နေသော (ဂ) ပုံသေ အခွင့်အလမ်းစရိတ်ကြောင့်ဖြစ်သည်။

၂။ ကုန်ညံများ၏ ဝင်ငွေအလျော့အတင်းသည် (က) အပေါင်းလက္ခဏာ (ခ) အနှုတ်လက္ခဏာ (ဂ) သုည အလျော့အတင်း ဖြစ်သည်။

၃။ ပြုန်းတီးမှုတန်ဖိုး မနုတ်ရသေးသောဝင်ငွေသည် (က) အသားတင်ဝင်ငွေ (ခ) စုစုပေါင်းဝင်ငွေ (ဂ) အမှန်ဝင်ငွေဖြစ်သည်။

၄။ ဘဏ်များ အနည်းဆုံး လိုအပ်သော သီးသန့်ငွေသားကို ထိုဘဏ်၏ (က) အပ်ငွေများ (ခ) ချေးငွေများ (ဂ) စုစုပေါင်းရငွေများအဖြစ် သတ်မှတ်သည်။

၅။ နိုင်ငံတော်ပိုင် ပစ္စည်းများကို သုံးစွဲသည့်အတွက် ပေးရသော ငွေကို (က) ထည့်ဝင်ကြေး (ခ) အခငွေ (ဂ) အခွန်တော် ဟုခေါ်သည်။

၂။ အောက်ပါတို့အနက်မှ (၁၀ ခု) ၏ အဓိပ္ပါယ်ကို ဖော်ပြပါ။ (၂၀ မှတ်)

| | |
|---|---|
| ၁။ ဝန်ဆောင်မှုဈေးကွက် | ၁၀။ ငွေကြေး၏ဝယ်နိုင်စွမ်းအား |
| ၂။ အခွင့်အလမ်းစရိတ် | ၁၁။ အလွန်အမင်းငွေဖောင်းပွခြင်း |
| ၃။ ကာလလတ်ချေးငွေ | ၁၂။ ဘဏ်တိုးနှုန်း |
| ၄။ တွဲဖက်ကုန်စည် | ၁၃။ ပြည်သူ့အသုံးစရိတ်များ |
| ၅။ ပိုလျှံဝယ်လိုအား | ၁၄။ သာမန်ရငွေများ |
| ၆။ ရောင်းလိုအား | ၁၅။ တိုက်ရိုက်ခွန် |
| ၇။ ပုံသေဈေးနှုန်း | ၁၆။ သက်နုစက်မှုလုပ်ငန်းများ |
| ၈။ ထုတ်ကုန်တန်ဖိုး | ၁၇။ နိုင်ငံခြားငွေလဲနှုန်း |
| ၉။ ဝင်ငွေနည်း | ၁၈။ မမြင်နိုင်သောအမယ်များ |

## အပိုင်း (ခ)

## နှစ်သက်ရာ မေးခွန်း (၃) ပုဒ်ဖြေဆိုပါ။

၃။ (က) လူ့အဖွဲ့အစည်းအားလုံး၏ အခြေခံစီးပွားရေး ပြဿနာများကိုဖော်ပြ၍ စီးပွားရေးစနစ်အမျိုးမျိုးကို ရှင်းလင်းဖြေဆိုပါ။ (၂၀ မှတ်)

(သို့မဟုတ်)

(ခ)အောက်ပါတို့အနက်မှ နှစ်သက်ရာ (၂) ခုကို မှတ်စုရေးပါ။

၁။ စုစုပေါင်းနှင့်အသားတင်တို့၏သဘော

၂။ ဝင်ငွေလည်ပတ်စီးဆင်းမှု

၃။ ကူးသန်းရောင်းဝယ်ရေးဘဏ်၏လုပ်ဆောင်ချက်များ

၄။ ငွေကြေးပေါ်ပေါက်ပုံ

၄။ (က) ပြည်ပငွေပေးငွေယူရှင်းတမ်းလက်ကျန် ပိုငွေနှင့်လိုငွေကို ပြုပြင်သည့် နည်းလမ်းများကို ဖော်ပြရှင်းလင်းပါ။ (၂၀ မှတ်)

(သို့မဟုတ်)

(ခ) အောက်ပါတို့အနက်မှ နှစ်သက်ရာ (၂) ခုကို မှတ်စုရေးပါ။

၁။ ဝယ်လိုအားပြန့်ခြင်းနှင့်ကျုံ့ခြင်း

၂။ ရောင်းလိုအားအလျော့အတင်းကိုပြဋ္ဌာန်းသည့်အချက်များ

၃။ အခွန်စည်းကြပ်ခြင်း၏အခြေခံမှု

၄။ သွယ်ဝိုက်ခွန်များ

၅။ (က) တိုင်းပြည်၏ငွေကြေးပမာဏကို ထိန်းချုပ်ရာတွင် ဗဟိုဘဏ်က အသုံးပြုသည့်နည်းလမ်းများကိုပြည့်စုံစွာ ရှင်းလင်းဖြေဆိုပါ။ (၂၀ မှတ်)

(သို့မဟုတ်)

(ခ) အောက်ပါတို့အနက်မှ နှစ်သက်ရာ (၂) ခုကို မှတ်စုရေးပါ။

၁။ ထုတ်လုပ်မှုအင်အားစုများ

၂။ ဝယ်လိုအားနှင့်စားသုံးသူ၏ဝင်ငွေ၊ စားသုံးသူ၏ကြိုက်နှစ်သက်မှု

၃။ ပြည်သူ့ဘဏ္ဍာရေးအဓိပ္ပါယ်

၄။ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုကြောင့် ကုန်စည်ရရှိနိုင်မှုတိုးတက်လာခြင်း

[တစ်ဖက်သို့

၆။ အောက်ပါတို့အနက်မှ နှစ်သက်ရာ(၂) ခုကိုဖြေဆိုပါ။ (၁၀ x ၂)မှတ်

(က) တစ်နှစ်အတွင်း ကုန်စည်တစ်ခု၏ ဝယ်လိုအားနှင့်ရောင်းလိုအားမှာ အောက်ပါအတိုင်းဖြစ်သည်။

| ဈေးနှုန်း(ကျပ်) | အရေအတွက်(ခုရေထောင်ပေါင်း) | |
|---|---|---|
| | ဝယ်လိုအား | ရောင်းလိုအား |
| ၁၀၀၀ | ၄၀၀၀ | ၁၀၀၀ |
| ၂၀၀၀ | ၃၀၀၀ | ၁၅၀၀ |
| ၃၀၀၀ | ၂၀၀၀ | ၂၀၀၀ |
| ၄၀၀၀ | ၁၀၀၀ | ၂၅၀၀ |
| ၅၀၀၀ | ၅၀၀ | ၃၀၀၀ |

(၁) ကုန်စည်တစ်ခု၏ ဝယ်လိုအားနှင့်ရောင်းလိုအားမျဉ်းကွေးများကိုရေးဆွဲပါ။

(၂) ဈေးနှုန်း၊ ဝယ်လိုအားနှင့်ရောင်းလိုအား မည်သို့ဆက်စပ်နေသနည်း။

(၃) အားမျှဈေးနှုန်းနှင့် အားမျှအရေအတွက် မည်မျှဖြစ်သနည်း။

(၄) ကုန်စည်၏ ဈေးနှုန်းမှာ ကျပ် ၄၀၀၀ဖြစ်ပါက ဈေးကွက်အခြေအနေမည်သို့ရှိမည်နည်း။

(ခ) နိုင်ငံတစ်နိုင်ငံ၏နှစ်တစ်နှစ်အတွက် တိုင်းပြည်ဝင်ငွေဆိုင်ရာ ကိန်းဂဏန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| အကြောင်းအရာ | ကျပ်သန်းပေါင်း |
|---|---|
| စားသုံးမှုအသုံးစရိတ် | ၄၀၁၁၄ |
| ရင်းနှီးမြှုပ်နှံမှုအသုံးစရိတ် | ၅၂၃၇ |
| အစိုးရအသုံးစရိတ် | ၂၈၆၄၉ |
| ပို့ကုန်တန်ဖိုး | ၄၄၃၁ |
| သွင်းကုန်တန်ဖိုး | ၅၅၈၁ |
| နိုင်ငံခြားသို့အသားတင်ပေးရသောဝင်ငွေ | -၂၂၅၀ |
| ပြုန်းတီးမှုတန်ဖိုး | ၄၀၀၀ |

(၁) အဆိုပါနိုင်ငံ၏ GDP, GNP,NNP တို့ကိုရှာပါ။

(၂) နိုင်ငံ၏ လူဦးရေသည် (၅၀) သန်းဖြစ်ပါက တစ်ဦးကျဝင်ငွေကိုရှာပါ။

(ဂ) တိုင်းပြည်တစ်ပြည်၏ ပို့ကုန်ဈေးဆနှုန်းကိန်းနှင့် သွင်းကုန်ဈေးဆနှုန်းကိန်းတို့ကို အောက်ပါဇယားတွင်ဖော်ပြထားသည်။(၂၀၁၁ ခုနှစ်သည် အခြေခံနှစ်ဖြစ်သည်။)

| ခုနှစ် | ပို့ကုန်ဈေးဆနှုန်းကိန်း | သွင်းကုန်ဈေးဆနှုန်းကိန်း |
|---|---|---|
| ၂၀၁၁ | ၁၀၀ | ၁၀၀ |
| ၂၀၁၂ | ၁၈၀ | ၁၅၀ |
| ၂၀၁၃ | ၁၂၀ | ၁၆၀ |

(၁) ဖော်ပြပါနှစ်များ၏ ကုန်ဖလှယ်မှုအချိုးကိုတွက်ပါ။

(၂) ကုန်ဖလှယ်မှုအချိုးပြောင်းလဲခြင်းများကိုသုံးသပ်ပါ။

---